
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
စိမ်ရေးရာဌာန
စာအမှတ် ၂၃၅
ရက်စွဲ ၂၇.၁.၂၀



# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ( ၅ / ၂၀၂၀ )

၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၈ ရက်

( ၂၀၂၀ ဖြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)ပါ ပြဋ္ဌာန်းချက်များအရ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အဦများအတွက် လိပ်စာနံပါတ်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ)နှင့်အညီ အများပြည်သူများသိရှိစေရန် ထုတ်ပြန် ကြေညာလိုက်သည်-

**နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)အရ လုပ်ပိုင်ခွင့်ရှိသည့် နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အဦများအတွက် လိပ်စာနံပါတ်သတ်မှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁။ ဤလုပ်ထုံးလုပ်နည်းများတွင်-

(က) **ကော်မတီ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော် ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကိုဆိုသည်။

(ဂ) **လုပ်ထုံးလုပ်နည်းများ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

(ဃ) **မြေ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကိုဆိုသည်။

(င) **အဆောက်အဦ** ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်းဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တဖက်ရပ်အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်။

(ခ) [illegible] နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အဦများအတွက် ဤလုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ပေးထားသော မြေ/အဆောက်အဦ၏အမှတ်ကို ဆိုသည်။


၂။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အဦများအတွက်လိပ်စာနံပါတ်များသတ်မှတ်ပေးနိုင်သည်။ ထိုသို့သတ်မှတ်ပေးရာတွင် လမ်းကိုအခြေခံ၍ လိပ်စာနံပါတ်များ သတ်မှတ်ပေးရမည်။

**စနစ်တကျမြို့ကွက်ဖော်ထုတ်ထားသောမြေနှင့်အဆောက်အဦများအား လိပ်စာနံပါတ်သတ်မှတ်ခြင်း**

၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စနစ်တကျမြို့ကွက်ဖော်ထုတ်ထားရှိသော မြို့နယ်/ရပ်ကွက်များအတွင်းရှိ မြေနှင့်အဆောက်အဦများအား လိပ်စာနံပါတ်များသတ်မှတ်ရာတွင် လမ်းအပေါ်အခြေခံ၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြေနှင့်အဆောက်အဦများအား လိပ်စာနံပါတ်သတ်မှတ်ရာတွင် ပထမဦးစွာ လမ်း၏ အစမှတ်နှင့်အဆုံးမှတ်ကို ဆုံးဖြတ်သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်ရာတွင် လမ်း၏အစွန်းနှစ်ဖက်အနက်မှ မြို့ကွက် သို့မဟုတ် မြေနှင့်အဆောက်အဦများ ထပ်မံတိုးချဲ့ရန်မရှိတော့သည့် သို့မဟုတ် ထပ်မံတိုးချဲ့ရန် အလားအလာအနည်းဆုံးဖြစ်သည့် အစွန်းဘက်နေရာကို လမ်း၏အစမှတ်အဖြစ် သတ်မှတ်ပြီး ကျန်အစွန်းဘက်ကို အဆုံးမှတ်အဖြစ် သတ်မှတ်ရမည်။ (ပုံ - ၁)


(ပုံ - ၁)




အခြေအနေတွင် တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်သို့ ဖောက်လုပ်ထားသောလမ်းဖြစ်ပါက လမ်း၏တောင်ဘက်အရပ်ရှိအစွန်းကို အစမှတ်အဖြစ်လည်းကောင်း၊ အရှေ့အရပ်ဘက်မှ အနောက်အရပ်ဘက်သို့ ဖောက်လုပ်ထားသောလမ်းဖြစ်ပါက လမ်း၏ အရှေ့ဘက်အရပ်ရှိအစွန်းကို အစမှတ်အဖြစ်လည်းကောင်း သတ်မှတ်ရမည်။ အရှေ့အနောက် စောင်းထောင့် ၄၅ ဒီဂရီ အထိရှိသောလမ်းများအား အရှေ့အနောက်လမ်း အဖြစ်လည်းကောင်း၊ စောင်းထောင့် ၄၅ ဒီဂရီအထက်ကျော်လွန်သည့် လမ်းများအား တောင်မြောက်လမ်းအဖြစ်လည်းကောင်း သတ်မှတ်ရမည်။ **( ပုံ - ၂ )**

( ပုံ - ၂ )

**အစွန်းနှစ်ဖက်စလုံးတွင် ထပ်မံတိုးချဲ့ရန် မရှိတော့သည့် လမ်းများ၏ အစမှတ်နှင့်အဆုံးမှတ်များသတ်မှတ်မှုပုံစံ**





(ဂ) လိပ်စာနံပါတ်သတ်မှတ်ရာတွင် လမ်း၏အစမှတ်မှစတင်၍ အဆုံးမှတ်ဘက်သို့ မျက်နှာမူပြီး လမ်း၏ဘယ်ဘက်ခြမ်းကို (မ)နံပါတ်နှင့် လမ်း၏ ညာဘက်ခြမ်းကို (စုံ)နံပါတ်အဖြစ် ငယ်စဉ်ကြီးလိုက်သတ်မှတ်ရမည်။ ထိုသို့သတ်မှတ်ရာတွင် အဆောက်အဦဆောက်လုပ်ထားခြင်းမရှိသေးသော သီးသန့်အဝင်းအဝိုင်းဖြင့် တည်ရှိသည့် မြေကွက်လွတ်များကိုပါ ကြိုတင်၍ လိပ်စာနံပါတ် သတ်မှတ်ပေး ထားရမည်။ **( ပုံ - ၃ )**




(ဃ) တစ်ဖက်ပိတ်လမ်းများကို လိပ်စာနံပါတ်သတ်မှတ်ရာတွင် ဦးတည်ရာမရွေး (လားရာမရွေး)ဘဲ အဓိကအဝင်လမ်းနေရာမှစ၍ သတ်မှတ်ရမည်။ ( ပုံ - ၄ )

( ပုံ - ၄ )





(c ) လမ်း၏ ဘယ် သို့မဟုတ် ညာ တစ်ဘက်ခြမ်းတွင်သာ မြေနှင့် အဆောက်အဦများရှိပြီး အခြားဘက်ခြမ်းတွင် မြေနှင့်အဆောက်အဦများ မရှိသည့် အခြေအနေ (ရေကန်/မြစ်ချောင်း/တောင်ကုန်း/ နောင်တွင်လည်း


ငယ်စဉ်ကြီးလိုက် နံပါတ်သတ်မှတ် ပေးရမည်။ အကယ်၍ လမ်း၏ ဘယ် သို့မဟုတ် ညာ တစ်ဘက်ခြမ်းတွင်သာ မြေနှင့်အဆောက်အဦများ ရှိသော်လည်း အခြားတစ်ဘက်ခြမ်းသည် နောင်တစ်ချိန်တွင် မြေနှင့် အဆောက်အဦများ ချထားနိုင်သည့် မြေအနေအထားဖြစ်ပါက စုံ/မ ခွဲခြားသည့် သတ်မှတ်ချက် အတိုင်း နံပါတ်သတ်မှတ်ပေးရမည်။ **( ပုံ - ၅ )**

**( ပုံ - ၅ )**

**လမ်း၏ တစ်ဖက်ခြမ်းတွင်သာ အဆောက်အဦများရှိပြီး အခြားတစ်ဖက်ခြမ်းတွင် အဆောက်အဦများမရှိသည့် အနေအထားတွင် နံပါတ်သတ်မှတ်မှုပုံစံ**




(စ ) ထောင့်ကွက် သို့မဟုတ် ရှေ့/နောက်လမ်းရှိသော မြေနှင့်အဆောက်အဦများကို လိပ်စာနံပါတ်သတ်မှတ်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အဓိကဝင်ပေါက် (သို့မဟုတ်) ဦးစားပေးလမ်းအဖြစ် သတ်မှတ်သော လမ်းဘက်၏ လိပ်စာနံပါတ်ကို သတ်မှတ်ပေးရမည်။ သို့သော် နောင်တစ်ချိန်တွင် အဓိကဝင်ပေါက်အား အခြားလမ်းဘက်သို့ ပြောင်းလဲ အသုံးပြုခဲ့လျှင် လိပ်စာနံပါတ်သတ်မှတ်ပေးနိုင်ရန် အခြားလမ်းဘက်၌ ၄င်းမြို့ကွက်များအတွက် နံပါတ်များအား ချန်လှပ်ထားခဲ့ရမည်။ **( ပုံ - ၆ )**





**မြေနှင့်အဆောက်အဦများခွဲစိတ်ခြင်း(သို့မဟုတ်)ထပ်တိုးဆောက်လုပ်ခြင်းနှင့်ပေါင်းစပ်ခြင်း**

၄။ မြေနှင့်အဆောက်အဦများခွဲစိတ်ခြင်း (သို့မဟုတ်) ထပ်တိုးဆောက်လုပ်ခြင်းနှင့် ပေါင်းစပ် အသုံးပြုခြင်းများအတွက် လိပ်စာနံပါတ်များ သတ်မှတ်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက် ရမည်-


(က) လိပ်စာနံပါတ်ရှိပြီးဖြစ်သည့် မူလမြေကွက်အတွင်း၌ ထပ်တိုးဆောက်လုပ်ထားသော အဆောက်အဦမှာ သီးသန့်ဝင်ပေါက်နှင့် သီးသန့်အဝင်းအဝိုင်းမရှိဘဲ မူလမြေကွက်၏ ဝင်ပေါက်ကိုသာ အသုံးပြုနေပါက လိပ်စာနံပါတ် အသစ်သတ်မှတ်ပေးခြင်းမပြုဘဲ မူလမြေနှင့်အဆောက်အဦ၏ လိပ်စာနံပါတ် ကိုသာ အသုံးပြုစေရမည်။

(ခ) လိပ်စာနံပါတ်ရှိပြီးဖြစ်သည့် မူလမြေကွက်အတွင်းမှ ထပ်မံခွဲစိတ်ထားသော (သို့မဟုတ်) ထပ်တိုးဆောက်လုပ်ထားသော မြေနှင့်အဆောက်အဦသည် သီးသန့် ဝင်ပေါက် (သို့မဟုတ်) သီးသန့်အဝင်းအဝိုင်းဖြင့် တည်ရှိနေပါက အဆိုပါမြေနှင့် အဆောက်အဦအတွက် လိပ်စာနံပါတ်အသစ် သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ရာတွင် မူလမြေကွက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြေကွက်များ၏ လိပ်စာနံပါတ်များနှင့် ဆက်စပ်မှုမရှိသော သီးခြားနံပါတ် တစ်ခုအား သတ်မှတ်ပေးခြင်းမပြုဘဲ မူလမြေနှင့်အဆောက်အဦ၏ လိပ်စာနံပါတ် နောက်တွင်သာ အက္ခရာထိုး၍ သတ်မှတ်ပေးရမည်။ ( ပုံ - ၇ )





(ဂ) လိပ်စာနံပါတ်ရှိပြီးဖြစ်သည့် မူလမြေကွက်အတွင်းမှ ထပ်မံခွဲစိတ်ထားသော (သို့မဟုတ်) ထပ်တိုးဆောက်လုပ်ထားသော မြေနှင့်အဆောက်အဦ၏ သီးသန့်ဝင်ပေါက် (သို့မဟုတ်) အဝင်းအဝိုင်းသည် အခြားလမ်းဘက်တွင် ဖြစ်နေပါက အဆိုပါလမ်းအတွင်းရှိ လိပ်စာနံပါတ်များနှင့် ဆက်စပ်မှုရှိသော နံပါတ်တစ်ခုကို လိပ်စာနံပါတ်အဖြစ် သတ်မှတ်ပေးရမည်။ **( ပုံ - ၈ )**

**( ပုံ - ၈ )**



တစ်ခုဟုဆိုသည်ဖြစ် ပေါင်းစပ်အသုံးပြုခြင်း (သို့မဟုတ်) အဆောက်အဦ ဆောက်လုပ်ခြင်းများအတွက် လိပ်စာနံပါတ်သတ်မှတ်ရာတွင် ပေါင်းစည်း ထားသောမြေကွက်များ၏ မူလလိပ်စာနံပါတ်များအနက်မှ အဓိကဝင်ပေါက် အဖြစ်အသုံးပြုသော လမ်းဘက်ရှိ ကြိုက်နှစ်သက်ရာ နံပါတ်တစ်ခုကို ပေါင်းစည်းမြေကွက်၏ လိပ်စာနံပါတ်အဖြစ် အသုံးပြုနိုင်သည်။ အဆိုပါ မြေကွက်များအား ပြန်လည်ခွဲစိတ်သည့်အခါ မူလလိပ်စာနံပါတ်များအတိုင်း ပြန်လည်သတ်မှတ်ပေးရမည်။ ( ပုံ - ၉ )

( ပုံ - ၉ )




**သီးသန့်အိမ်ရာစုများအား လိပ်စာနံပါတ်သတ်မှတ်ခြင်း**

၅။ သီးသန့်အဝင်းအဝိုင်းအတွင်း၌ ဆောက်လုပ်ထားရှိသော အိမ်ရာစုများအား လိပ်စာနံပါတ် သတ်မှတ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-


(က) သီးသန့်အဝင်းအဝိုင်းအတွင်း၌ ဆောက်လုပ်ထားရှိသော အိမ်ရာစုများအား လိပ်စာနံပါတ် သတ်မှတ်ရာတွင် ပထမဦးစွာ သီးသန့်အိမ်ရာ အဝင်းအဝိုင်းကြီး တစ်ခုလုံးအတွက် သင့်လျော်သောနံပါတ်တစ်ခု သတ်မှတ်ထားရှိရမည်။

(ခ ) သီးသန့်အိမ်ရာအတွင်း ဆောက်လုပ်ထားရှိသော အဆောက်အဦများမှာ ပိုင်ရှင်တစ်ဦးချင်းစီမှ ပိုင်ဆိုင်ပြီး သီးခြားအဝင်းအဝိုင်းဖြင့် ပိုင်းခြားထားခြင်း ဖြစ်ပါက အဆောက်အဦတစ်ခုချင်းစီအတွက် လိပ်စာနံပါတ်များ သတ်မှတ်ပေး

ဝဲ/ယာတွင်တည်ရှိပါက စုံ/မသတ် မှတ်ချက်အတိုင်း နံပါတ်သတ်မှတ်ရမည်။ အကယ်၍ စနစ်တကျ ဖော်ထုတ်ထားသော အဆောက်အဦများ မဟုတ်ပါက အဝင်းအဝိုင်း၏ အဝင်ပေါက်မှစ၍ နာရီလက်တံအတိုင်း နံပါတ်များ သတ်မှတ်ရမည်။ အဆိုပါနံပါတ်များအား အဝင်းအဝိုင်းတစ်ခုလုံးအတွက် သတ်မှတ်ထားသော နံပါတ်၏နောက်တွင် မျဉ်းစောင်းခံ၍ လိပ်စာနံပါတ်အဖြစ် သတ်မှတ်ပေးရမည်။ ဥပမာ- ၁၄/၁ , ၁၄/၂ , ၁၄/၃ ,.... ( ပုံ - ၁၀ )

( ပုံ - ၁၀ )

သီးသန့်အဝင်းအဝိုင်းတစ်ခုအတွင်း စနစ်တကျမရှိသော အဆောက်အဦများအား နာရီလက်တံအတိုင်း နံပါတ်သတ်မှတ်မှုပုံစံ




(ဂ) မြေအဝင်းအဝိုင်းတစ်ခုအတွင်း၌ သီးသန့်အိမ်ရာဝင်းကဲ့သို့ အဆောက်အဦများ ဆောက်လုပ်ထားသော်လည်း ပိုင်ရှင်တစ်ဦးတည်းဖြစ်ပြီး အဆောက်အဦများအား သီးခြားအဝင်းအဝိုင်းဖြင့် ပိုင်းခြားထားခြင်းမရှိပါက လိပ်စာနံပါတ်တစ်ခုတည်းကိုသာ အသုံးပြုရမည်။

**တိုက်ခန်းအဆောက်အဦများကို လိပ်စာနံပါတ်သတ်မှတ်ခြင်း**

၆။ တိုက်ခန်း သို့မဟုတ် စုပေါင်းအိမ်ဌားစနစ်ဖြင့် နေထိုင်ကြသည့် အဆောက်အဦများကို လိပ်စာနံပါတ်သတ်မှတ်ရာတွင် အောက်ပါအတိုင်း ဆောက်ရွက် ရမည်-


(က) တိုက်ခန်းများ သို့မဟုတ် စုပေါင်းအိမ်ဌားစနစ်ဖြင့် နေထိုင်ကြသည့် အခန်းများကို လိပ်စာနံပါတ်သတ်မှတ်ရာတွင် မူလမြေကွက်လိပ်စာနံပါတ်၏

ပေးရမည်။ ထိုသို့သတ်မှတ်ရာတွင် တိုက်ခန်းနံပါတ်၏ ပထမနံပါတ်သည် တိုက်၏ အလွှာ/အထပ်ကိုဖော်ပြပြီး နောက်နံပါတ်သည် တိုက်ခန်းယူနစ် တစ်ခုခြင်းစီ၏ နံပါတ်ဖြစ်ရမည်။ အလွှာ/အထပ်လိုက်ရှိ တိုက်ခန်းယူနစ် တစ်ခုခြင်းစီအတွက် နံပါတ်သတ်မှတ်ရာတွင် နာရီလက်တံအတိုင်း သတ်မှတ် ပေးရမည်။ ဥပမာ- မြေညီထပ်ပထမအခန်း၊ အမှတ် (၁၄)၊ ပိတောက်လမ်းရှိ တိုက်ခန်း၏လိပ်စာအား ဖော်ပြရာတွင် **တိုက်ခန်း (၀ ၀၁)၊ အမှတ် (၁၄)၊ ပိတောက်လမ်း** ဟုဖော်ပြရမည်။

(ခ) မြေကွက်အစိတ်အပိုင်း တစ်ခုအတွင်း၌ တိုက်ခန်းအဆောက်အဦများ တစ်ခု ထက်ပို၍တည်ရှိနေပါက အဆိုပါအဆောက်အဦ တစ်ခုချင်းစီအတွက် အဆောက်အဦအမှတ်များအား နံပါတ်အစဉ်လိုက် နာရီလက်တံအတိုင်း သတ်မှတ်ပေးရမည်။ တိုက်ခန်းလိပ်စာအား ဖော်ပြရာတွင် နံပါတ်အစဉ်လိုက် ပေးထားသော အဆောက်အဦအမှတ်ကို ဦးစွာဖော်ပြပြီး ၄င်းနောက်မှ မျဉ်းစောင်းခံ၍ အလွှာ/ယူနစ်အလိုက် သတ်မှတ်ထားသော တိုက်ခန်းအမှတ် များကို ဖော်ပြပေးရမည်။ ဥပမာ- **တိုက်ခန်း (၁/၀ ၀၁)၊ အမှတ် (၁၄)၊ ပိတောက်လမ်း ( ပုံ - ၁၁ )**

( ပုံ - ၁၁ )

**မြေကွက်အစိတ်အပိုင်း တစ်ခုအတွင်း၌ တစ်ခုထက်ပို၍ တည်ရှိနေသော တိုက်ခန်းအဆောက်အဦများအား နာရီလက်တံအတိုင်း နံပါတ်စဉ်သတ်မှတ်မှုပုံစံ**



၇။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနေထိုင်သည့် နိုင်ငံပိုင်အိမ်ရာတိုက်ခန်းများအား လိပ်စာနံပါတ်များသတ်မှတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပထမဦးစွာ နိုင်ငံပိုင်အိမ်ရာစု တစ်ခုချင်းစီအလိုက် သင့်လျော်သလို အမည်များကို သတ်မှတ်ပေးရမည်။ ဆက်လက်၍ အမည်သတ်မှတ်ထားရှိ ပြီးသော နိုင်ငံပိုင်အိမ်ရာစု တစ်ခုချင်းစီရှိ အိမ်ရာအဆောက်အဦ တစ်လုံးချင်းစီ အတွက် နံပါတ်များသတ်မှတ်ပေးရမည်။

(ခ) အိမ်ရာစုအတွင်းရှိ အိမ်ရာအဆောက်အဦများအား နံပါတ်သတ်မှတ်ရာတွင် ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်တော့သည့် သို့မဟုတ် ထပ်မံတိုးချဲ့ရန် အလားအလာနည်းသည့်အပိုင်းမှစတင်ပြီး အဆောက်အဦဆောက်လုပ်ထားရှိမှု အနေအထားအပေါ်မူတည်၍ စုံ/မ (သို့မဟုတ်) နာရီလက်တံအတိုင်း အဆောက်အဦနံပါတ်များအား သင့်လျော်သလို သတ်မှတ်ပေးနိုင်သည်။

(ဂ) နိုင်ငံပိုင်အိမ်ရာ အဆောက်အဦတစ်ခုချင်းစီတွင်တည်ရှိသော တိုက်ခန်းများကို နံပါတ်သတ်မှတ်ရာတွင် တိုက်၏အလွှာ/အထပ်လိုက် နာရီလက်တံအတိုင်း သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ရာတွင် တိုက်ခန်းနံပါတ်၏ ပထမနံပါတ်သည် တိုက်၏အလွှာ/အထပ်ကိုဖော်ပြပြီး နောက်နံပါတ်သည် တိုက်ခန်းယူနစ်တစ်ခုချင်းစီ၏ နံပါတ်ဖြစ်ရမည်။ ဥပမာ- မြေညီထပ်ပထမအခန်း (၀ ၀၁)၊ ပထမထပ်ဒုတိယခန်း (၁ ၀၂)၊ ဒုတိယထပ်ပထမအခန်း (၂ ၀၁)

(ဃ) နိုင်ငံပိုင်အိမ်ရာတိုက်ခန်းများအတွက် လိပ်စာနံပါတ်များကို ဖော်ပြရာတွင် ပထမဦးစွာ အခန်းနံပါတ်ကို ဦးစွာဖော်ပြပြီး ၄င်းနောက်တွင် တိုက်နံပါတ်နှင့် အိမ်ရာစုအမည်များကို အစဉ်လိုက်ဖော်ပြရမည်။ ဥပမာ-မြေညီထပ်ပထမခန်း၊ တိုက်နံပါတ် ( ၁၄ )၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၏ လိပ်စာအား ဖော်ပြရာတွင် အခန်းအမှတ် ( ၀ ၀၁ )၊ တိုက်နံပါတ် ( ၁၄ ) ၊ မင်္ဂလာသိဒ္ဓိရပ်ကွက် ဟု ဖော်ပြရမည်။

၈။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဝန်ကြီးဌာနရုံးများ၏ လိပ်စာနံပါတ်များအား သတ်မှတ်ရာတွင် ဝန်ကြီးဌာနရုံးအဆောက်အဦများ အသစ်ထပ်မံဆောက်လုပ်ရန်မဖြစ်နိုင်တော့သည့်ဘက် (သပြေကုန်းအဝိုင်းဘက်)မှ စတင်၍ ဝန်ကြီးဌာနရုံးများသို့ ဝင်ရောက်သည့်လမ်းအတိုင်း အဆောက်အဦတည်နေရာအပေါ်မူတည်ပြီး နံပါတ်အစဉ်အတိုင်း သတ်မှတ်ပေးရမည်။ ထိုသို့ဝန်ကြီးဌာနရုံးများ၏ အဆောက်အဦနံပါတ်များအား သတ်မှတ်ပေးရာတွင် အဆောက်အဦ၏ တည်နေရာအပေါ်တွင်သာ အခြေခံ၍သတ်မှတ်ရမည်။ ဝန်ကြီးဌာန၏ အင်္ဂါစဉ်အား ထည့်သွင်းစဉ်းစားခြင်း မပြုရပါ။

**ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ အများနှင့်သက်ဆိုင်သော အဆောက်အဦများနှင့် နေရာများကို လိပ်စာနံပါတ် သတ်မှတ်ပေးခြင်း**

၉။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဗလီများ၊ ဟိန္ဒူဘုရားရှိခိုးကျောင်းများ၊ ဓမ္မာရုံများ အစရှိသည့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဇရပ်များ၊ ရုပ်ရှင်ရုံများ၊ စျေးများ၊ ဆေးရုံများ၊ အားကစားရုံများ၊ ရဲစခန်းများ၊ မီးသတ်စခန်းများ အစရှိသည့် အများနှင့်သက်ဆိုင်သော အဆောက်အဦများနှင့် ပန်းခြံနေရာများ၊ ရေလှောင်ကန်နေရာများ၊ သဘာဝရေကန်နေရာများ အစရှိသည့် အများနှင့်သက်ဆိုင်သည့် နေရာများကိုလည်း ၎င်းတည်ရှိသော နေရာ၏သတ်မှတ်ချက်အတိုင်း လိပ်စာနံပါတ်များ သတ်မှတ်ထားရှိရမည်။

**ကျေးရွာများအတွင်းရှိ မြေနှင့်အဆောက်အဦများအား လိပ်စာနံပါတ်များသတ်မှတ်ပေးခြင်း**

၁၀။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကျေးရွာများအတွင်းတည်ရှိသော မြေနှင့်အဆောက်အဦများအား လိပ်စာနံပါတ်များသတ်မှတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပထမဦးစွာ ကျေးရွာအတွင်း စနစ်တကျဖောက်လုပ်ထားသည့်လမ်း (ရွာလယ်လမ်း)ဘေး ဝဲ/ယာမှ မြေနှင့်အဆောက်အဦများအား စုံ/မ သတ်မှတ်ချက်စနစ်အတိုင်း နံပါတ်များ ငယ်စဉ်ကြီးလိုက် သတ်မှတ်ပေးရမည်။


(ခ) ဆက်လက်၍ စနစ်တကျလမ်းဖောက်လုပ်ထားခြင်းမရှိဘဲ ကျေးရွာသဘာဝအရ အဝင်းအဝိုင်းပုံစံကဲ့သို့ဖြစ်နေသော အဆောက်အဦများအား ကျေးရွာ

အတိုင်း နံပါတ်များ သတ်မှတ်ပေးရမည်။

(ဂ) ကျေးရွာအတွင်း၌ စနစ်တကျဖောက်လုပ်ထားသောလမ်း မရှိပါက ကျေးရွာအဝင် သို့မဟုတ် ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်တော့သည့်ဘက်မှ နာရီလက်တံအတိုင်း နံပါတ်အစဉ်လိုက် သတ်မှတ်ပေးရမည်။ ( ပုံ - ၁၂ )

( ပုံ - ၁၂ )

ကျေးရွာများအတွင်းရှိ မြေနှင့်အဆောက်အဦများအား နံပါတ်သတ်မှတ်မှုပုံစံ




**လိပ်စာနံပါတ်များတပ်ဆင်ခြင်း**


၁၁။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အဦများအား လွယ်ကူစွာရှာဖွေတွေ့ရှိနိုင်ရန်အတွက် မြေနှင့်အဆောက်အဦ တစ်ခုချင်းစီအလိုက် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှသတ်မှတ်ပေးထားသောလိပ်စာနံပါတ်များကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ တပ်ဆင်ထားရှိရန် ကော်မတီမှ ညွှန်ကြားရမည်-

(က) မြေနှင့်အဆောက်အဦတစ်ခုချင်းစီအလိုက် သတ်မှတ်ထားရှိသော လိပ်စာနံပါတ်အား အဆောက်အဦ၏ ရှေ့မျက်နှာစာ အများပြည်သူမှ အလွယ်တကူမြင်နိုင်သော နေရာတွင်တပ်ဆင်ထားရှိရမည်။

(ခ) လိပ်စာနံပါတ်ရေးသားရာတွင် နံပါတ်၏အောက်၌ လမ်းအမည်ကိုပါ ရေးသားဖော်ပြရမည်။

၁၂လက်မ၊ အနံ ၈လက်မ ( A4 စာရွက်အရွယ် ) ဖြစ်သည်။ ( ပုံ - ၁၃ )

( ပုံ - ၁၃ )




၁၂။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသစ်ထပ်မံဆောက်လုပ်သော အဆောက်အဦသစ်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အဆောက်အဦဆောက်လုပ် ပြီးစီးကြောင်း သတ်သေခံလက်မှတ် ( BCC ) ထုတ်ပေးရာတွင် အဆိုပါအဆောက်အဦအသစ် အတွက် လိပ်စာနံပါတ်ကို ရာပြတ်ဌာနမှ တစ်ပါတည်း အတည်ပြုသတ်မှတ်ပေးရမည်။

မြို့တော်ဝန်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စာအမှတ်၊ ၆၃၅ /၂ - ၃/ နပတ ( ကော်မတီ )
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဧနီနဝါရီလ ၂၃ ရက်

ဖြန့်ဝေခြင်း
နေပြည်တော်ကောင်စီ
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်
(ပြန်ကြားရေးဝန်ကြီးဌာန) မေတ္တာရပ်ခံပါသည်။
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ (ဒကွိဇာခရိုင်၊ ဥတ္တရခရိုင်)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ ( )
ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ ( )
ကြော်ငြာသင်ပုန်း

မိတ္တူကို
ဒုတိယမြို့တော်ဝန်
ကော်မတီဝင်များ ( )
ဌာနကြီးမှူးများ ( )
ဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ (အမိန့်ရေးရာဌာန )
မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများအားလုံး ( )
လက်ခံစာတွဲ
မျှောစာတွဲ

အမိန့်အရ

( မျိုးအောင် ၊ အမြဲတမ်းအတွင်းဝန် )